# "အေအိုအေ" ကို ဖတ်ပြီးတဲ့နောက်

(၂၀၁၈ နိုဝင်ဘာ ၁၄)

"ဖတ်စရာမှတ်စရာကဏ္ဍ" အတွက် သက်ကြီးရွယ်အို နိုင်ငံရေးသမားကြီး ကိုသန်း (ကြည့်မြင်တိုင်) ရဲ့ "အေအိုအေ" ဆောင်းပါးကို ဖော်ပြလိုက်ပါတယ်။ ဒီဆောင်းပါးက "ချင်းတွင်းမဂ္ဂဇင်း" အမှတ် (၂၇) ဇွန်လ၊ ၂၀၁၈ ၊ စာမျက်နှာ (၁၅၀ - ၁၆၇) မှာဖော်ပြပါရှိပါတယ်။

ဆောင်းပါးရည်ရွယ်ချက်အဖြစ် စာရေးသူက "လွတ်လပ်ရေးရပြီး ခေတ်တွင် အတိုက်အခံစူ၍ စတင်ဖြစ်ပေါ်လာရပုံကို မျိုးဆက်သစ်များသိရှိနိုင်ကြစေရန် အကြမ်းဖျင်းဖော်ပြခြင်းဖြစ်ပါသည်" ဟု ရည်ညွှန်းထားပါတယ်။

မျိုးဆက်ဆိုတာဟာ ပင်လယ်လှိုင်းလုံးတွေလို အဆက်မပြတ်ဆက်တိုက် ပေါ်ထွန်းလာနေမှာပဲဖြစ်ပါတယ်။ ကိုယ်မျက်မှောက်ပြုနေရတဲ့၊ ဖြတ်သန်းကျော်လွှားနေရတဲ့ သမိုင်းခေတ်ကိုခံစားသိရှိပြီး အဲဒီသမိုင်းခေတ်ကလှုပ်ရှားတောင်းဆိုနေတဲ့ သမိုင်းခေတ်တာဝန်ကို ကိုယ်ပိုင်အသိနဲ့ရွေးချယ်ထမ်းရွက်နိုင်မှသာလျှင်၊ သမိုင်းခေတ်ရဲ့တောင်းဆိုမှုကို တုန့်ပြန်နိုင်မှသာလျှင် မျိုးဆက် လို့ခေါ်ဆိုနိုင်မှာဖြစ်ပါတယ်။

ကိုသန်း (တကယ်တော့ ကျနော်တို့အဖိုးအရွယ်လောက်ရှိပါတယ်) က "အေအိုအေ"ဆောင်းပါးထဲမှာ လွတ်လပ်ရေးရပြီး ပါလီမန်ဒီမိုကရေစီခေတ်ကာလရဲ့ အတွေ့အကြုံတွေနဲ့ ရင်ဆိုင်ကျော်လွှားခဲ့ကြရပုံတွေကို လက်ဆင့်ကမ်းထားတာပါ။ ချုပ်ပြောရရင် ကျနော်တို့နောင်မျိုးဆက်များအတွက် ဆောင်ရန်ရှောင်ရန်တွေဖြစ်ပါတယ်။ ယူတတ်ရင် ယူတတ်သလောက် ရမယ်လို့ထင်ပါတယ်။ ကျနော်တို့ကတော့ ကိုသန်း လက်ဆင့်ကမ်းတဲ့ ကိုသန်းတို့ ခေတ်အတွေ့အကြုံတွေကို ကျနော်တို့ ကိုယ်တိုင်တွေ့ကြုံရင်ဆိုင်ဖြတ်သန်းကျော်လွှားနေရတဲ့ ကျနော်တို့ခေတ်ကာလလက်တွေ့ တွေနဲ့နှိုင်းယှဉ်လေ့လာခြင်းဟာ ပိုပြီးတော့ ရရှိချက်ကောင်းမယ်လို့ယူဆပါတယ်။

ဆောင်းပါးထဲမှာ ကိုသန်း က "အတိုက်အခံအဖြစ်ရေရှည်ရပ်တည်နိုင်ရန် လွတ်လပ်သော သတင်းစာ၊ လွတ်လပ်စွာစည်းရုံးခွင့်၊လှုပ်ရှားခွင့်၊ရေးသားခွင့်၊ ဟောပြောခွင့်များပြည့်စုံမှဖြစ်မည်။ ထို့အပြင် လွတ်လပ်သောတရားစီရင်ရေးစနစ် လည်းရှိရဦးမည်" တဲ့။

အထက်ပါအချက်များ ကျနော်တို့ရင်ဆိုင်ဖြတ်သန်းနေရသော (န၀တ- နအဖ) စစ်အစိုးရအုပ်စိုးမှု အောက်တွင်ရှိပါသလော။ ကျနော်တို့၏ ဖြတ်သန်းမှုက ခေါင်းရမ်း၍အဖြေပေးခဲ့ပြီ။ တစ်ခုချင်းစိစစ်ကြည့်ကြပါစို့။

အတိုက်အခံတွေရဲ့သဘောထားအမြင်နဲ့အာဘော်ကို ဖော်ပြနိုင်သော၊ ဖော်ပြဝံ့သော မည်သည့်သတင်းစာ၊ စာနယ်ဇင်းမျှမရှိပါဘူး။ သတင်းစာဆရာ၊ သတင်းထောင်၊ စာရေးဆရာ၊ ကဗျာဆရာ၊ ဘလော့ဂါများနဲ့ အင်တာနက်သုံးစွဲသူများ ကိုနှစ်ရှည်ထောင်ဒဏ်များချမှတ်နေပါတယ်။

လွတ်လပ်စွာစည်းရုံးခွင့်၊လှုပ်ရှားခွင့်၊ရေးသားခွင့်၊ဟောပြောခွင့်များလည်းလုံးဝမရှိပါဘူး။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အပါအဝင် တရားဝင်နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များဖမ်းဆီးထားခြင်းခံနေရပါတယ်။ နိုင်ငံလှုပ်ရှားသူမှန်သမျှဖမ်းဆီးခံထားရပါတယ်။ ဖမ်းဆီးနေဆဲဖြစ်ပါတယ်။

လွတ်လပ်သောတရားစီရင်စနစ်လည်းမရှိပါဘူး။

ယခုရက်ပိုင်းအတွင်းမှာပဲ နိုင်ငံရေးတက်ကြွလှုပ်ရှားလှုပ်ရှား သူများကို ၆၅ နှစ် ဆိုတဲ့ နှစ်ရှည်ထောင်ဒဏ်များမတရားချမှတ်ခဲ့ပါတယ်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများဘက်က ခုခံလျှောက်လဲပေးကြတဲ့ ရှေ့နေများကိုပင် အတင်းအဓမ္မဖိနှိပ်ထောင်ချနေတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါကြောင့်တရားရုံးနဲ့ တရားစီရင်စနစ်ဆိုတာဟာ (နအဖ)စစ်အစိုးရက စီရင်ချက်ချ သတ်မှတ်ပေးလိုက်တဲ့အတိုင်း ပြစ်မှုပြစ်ဒဏ်များကိုဖတ်ကြားအသိပေးရတဲ့၊ မှတ်ပုံတင်ပေးရတဲ့ရုံးနဲ့စနစ်ပဲဖြစ်ပါတယ်။ တရားစီရင်ရေးစနစ်နဲ့ ဥပဒေအထက်မှာ စစ်အာဏာရှင်စနစ်ရှိနေပါတယ်။ စစ်အာဏာရှင် စနစ်တည်ရှိနေသ၍ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ် မဖြစ်ထွန်းနိုင်ပါဘူး။

လွှတ်တော်ဆိုတာလည်းမရှိပါဘူး။ (န၀တ-နအဖ)စစ်အစိုးရပြဌာန်းထားတဲ့ ဥပဒေသတ်မှတ်ချက်နဲ့အညီလွှတ်တော်ခေါ်ပေးဖို့တောင်းဆိုတော့လည်း တောင်းဆိုသူ လွှတ်တော်အမတ်များမှာ ဖမ်းဆီးထိန်းသိမ်းခြင်းခံရပါတယ်။ အချို့ ပြည်ပထွက်ပြေးရပါတယ်။ထောင်ထဲမှာသေသူသေရပါတယ်။လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှအတင်းအဓမ္မနုတ်ထွက်ခိုင်းပါတယ်။

ဒီတော့ နိုင်ငံရေးသမားအမြောက်အများ (၂၁၄၇) ဖမ်းဆီးထားရတာ၊ ၁၀၅ နှစ်၊ ၆၅ နှစ် စတဲ့ နှစ်ရှည်ထောင်ဒဏ်တွေချမှတ်ထားရတာတွေဟာ (န၀တ-နအဖ)စစ်အစိုးရခေတ်ရဲ့ထင်ရှားပေါ်လွင်တဲ့ ဝိသေသလက္ခဏာချက်တွေပဲဖြစ်ပါတယ်။ တမျိုးသားလုံးလူညွှန့်တုန်းစေတဲ့ ဘိန်းဖြူချက်လုပ်ရောင်းဝယ်တဲ့ ဘိန်းဘုရင်ကိုလွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်

ပြီး၊ နိုင်ငံရေးလှုပ်ရှားမှုမှာပါဝင်တဲ့ ကျောင်းသားလူငယ်တွေကိုတော့ အပြုံးတကြီးနဲ့ နှစ်ရှည်ထောင်ဒဏ်တွေချမှတ်ပါ တယ်။ စစ်အာဏာရှင်စနစ်ဆိုတာ ဒါပါပဲ။ ဒီလိုဖြစ်ရပ်မျိုး ကိုသန်းတို့ခေတ်မှာ မရှိပါဘူး။

ကိုသန်းကလည်း သူတို့ခေတ်မှာပြုစောထီးလည်းကြောက်ရသည်။ ပုဒ်မ(၅) ၊ ပုဒ်မ(၁၇) (က) (ခ) မတရား သင်းဖြင့်ဆက်သွယ်သည်ကို အရေးယူသည့် ဥပဒေအပြင် အခြားဥပဒေပုဒ်မအမျိုးမျိုးဖြင့် ဖဆပလ အစိုးရက နှိပ်ကွပ်သဖြင့် အတိုက်အခံများဥပဒေတွင်းရပ်တည်နိုင်သည့်ဘောင်သည် တဖြည်းဖြည်းကျဉ်းမြောင်းသေးကျုံ့လာသည်၊ ကျေးလက်တောရွာများသို့စည်းရုံးရေးဆင်းပင်ခက်ခဲလာသည်” ဟု ဖော်ပြထားပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ ဌာနချုပ်ရုံးမှတပါး ကျန်ပြည်နယ်၊တိုင်း၊မြို့နယ်၊ ရပ်ကျေးရုံးများပိတ်ပင်ခံထားရသည်မှာ ဒီပဲယင်းအကြမ်းဖက်မှု နောက်ပိုင်း က စတင်ပါတယ်။ ဒီပဲယင်းအကြမ်းဖက်မှုဆိုတာဟာ ကိုသန်းတို့ခေတ်က မင်းလှလေးလောင်းပြိုင်လူသတ်မှု၊ မြိတ်လူသတ်မှုများ နဲ့နှိုင်းယှဉ်လို့ရတဲ့ အကြမ်းဖက်ရမ်းကားမှုပဲဖြစ်ပါတယ်။

ကိုသန်းက ဥပဒေတွင်းရပ်တည်ရခက်ခဲမှုနဲ့ပတ်သက်ပြီး “ယင်းသို့ ခက်ခဲသောအနေအထားတွင် ဥပဒေတွင်းအတိုက်အခံအဖြစ်ရပ်တည်ရသည်မှာ လွယ်မယောင်နှင့်ခက်သည်။ White Terror ခေါ် အဖြူရောင်နယ်မြေ အကြမ်းဖက်အုပ်စိုးမှုအောက်တွင် အတိုက်အခံလုပ်ရခြင်းသည် အသက်ကိုဖက်နှင့်ထုပ် လုပ်ကိုင်ရသကဲ့သို့ပင်။ သူတင်ကိုယ်တင် လက်နက်ကိုင်တိုက်ရသည်က မိမိကိုယ်တိုင် လက်နက်ကိုင်ခုခံနိုင်စွမ်းရှိသေးသည်။ အင်အားကြီးသည် ၊ ငယ်သည် ရှုံးသည်၊ နိုင်သည်က တစ်ကဏ္ဍ။ ဥပဒေတွင်းတိုက်ပွဲဝင်သူတို့ကတော့ ဖဆပလအုပ်စိုးသူလက်ခုပ်ထဲကရေ။ သွန်လိုသွန် မှောက်လိုမှောက် လုပ်သမျှခံရသည်။ အာဏာရှိသူတို့ပြုသမျှ နုရသည့် အခြေအနေ” ဟု ဖော်ပြထားပါသည်။

(နဂတ- နအဖ)စစ်အစိုးရ လက်အောက် ဥပဒေတွင်းတိုက်ပွဲဂင်သူတို့ အခြေအနေကလည်း စစ်အစိုးရ၏ အဖြူရောင်နယ်မြေအကြမ်းဖက်အုပ်စိုးမှုအောက်တွင် လုပ်ရခြင်းဖြစ်သည်။ (နဂတ-နအဖ) စစ်အစိုးရပြုသမျှ နုရသည့် အခြေအနေမျိုးပင်ဖြစ်ပါတယ်။ ဖဆပလ ခေတ်က ဦးကံ လို တရားသူကြီးရှိသေး၍ တော်သေးသည်ဟုပြောရမည် ထင်ပါတယ်။ (နဝတ- နအဖ) စစ်အစိုးရခေတ်မှာတော့ ဦးကံ  လို တရားသူကြီးမရှိချေ။ တရားခံဘက်ရှေ့နေကို ထောင်ချနေသည့် အနေအထားဖြစ်ပါတယ်။  တရားရေးမဏ္ဍိုင် ကား ဘုန်းဘုန်းလဲကျနေပါတယ်။

ကိုသန်းတို့ခေတ် နိုင်ငံရေးပါတီများ မဟာမိတ်ဖွဲ့ကြရသည့် အနေအထားကလည်းစိတ်ဝင်စားစရာကောင်းပြီး ဗဟုသုရပါတယ်။ ကျနော်တို့ဖြတ်သန်းရသည့် (နဂတ-နအဖ) ခေတ်မှာတော့ ခွန်ထွန်းဦး၊ စိုင်းညွှန့်လွင်၊ ဦးဆေထင်တို့ နှစ်ရှည်ထောင်ဒဏ်များကျခံရပြီး ကိုမြင့်သန်း သံတွဲအကျဉ်းထောင်ထဲတွင် သေဆုံးရပါတယ်။ ဘဘဦးရွှေအုံး လည်း အကျယ်ချုပ်ချခံရပါတယ်။ အပစ်ရပ်တိုင်းရင်းသားအင်အားစုများမှာ တောတွင်း၌ရှိစဉ်က မဟာမိတ်တပ်ပေါင်းစုများတွင် စုပေါင်းဆောင်ရွက်ခွင့်ရခဲ့ကြသော်လည်း အပစ်အခတ်ရပ်စဲပြီးမြို့ပေါ်ရောက်မှ အချင်းချင်းတွေ့ဆုံရေးအတွက် (နဂတ-နအဖ) ထံခွင့်တောင်းနေရပါတယ်။

နောက်ဆုံးတစ်ခုပြောချင်တာကတော့ ကိုသန်းတို့ခေတ်မှာလည်း ဥပဒေတွင်းတိုက်ပွဲကအဓိက လား၊လက်နက်ကိုင်တိုက်ပွဲကအဓိကလား ဆိုတဲ့ ကိစ္စဖြစ်ပါတယ်။

ကိုသန်းက “၁၉၅၆ ခုနှစ်၊ အထွေထွေရွေးကောက်ပွဲနှင့် ဖဆပလအတွင်း သန့်ရှင်းတည်မြဲနှစ်ခြမ်းကွဲကာ လွှတ်တော်တွင်း မဲခွဲကြပြီးနောက် မြန်မာ့နိုင်ငံရေး၏ ဗဟိုချက်မသည် ဥပဒေတွင်းတိုက်ပွဲ တနည်းအားဖြင့် ဒီမိုကရေစီရေးတိုက်ပွဲဖြစ်လာခဲ့ပါသည်” ဟု ကိုသန်း က အကဲဖြတ် အသုံးသတ်ကာ တစ်ခန်းရပ်ထားပါတယ်။

ဒီနေရာမှာ အချက် ၂ ခုထောက်ပြချင်ပါတယ်။

ပထမတစ်ချက်က ၁၉၅၆ ခုနှစ် အထွေထွေရွေးကောက်ပွဲပြီးနောက် ၂ နှစ်အကြာ ၁၉၅၈ မှာ စစ်တပ်က အိမ်စောင့်အစိုးရ ဆိုတဲ့နာမည်နဲ့ အာဏာသိမ်းခြင်းဆိုတဲ့အချက်ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ဖဆပလအတွင်း သန့်ရှင်းတည်မြဲနှစ်ခြမ်းကွဲကာ လွှတ်တော်တွင်း မဲခွဲ(ကျနော်တို့ မှတ်သားမိသည်မှာ ပမညတ၏ မဲ ၄၄ နဲ့သန့်ရှင်းဖဆပလကအနိုင်ရခြင်းဖြစ်ပါတယ်၊ ကိုသန်းက ၄၈ မဲ ဟုဆိုပါတယ်) ကြသည့် (၁၉၅၈ ဇွန်လ ၉ ရက်) နောက် ၄ နှစ်အကြာတွင် တော်လှန်ရေးကောင်စီအမည်တပ်ပြီး စစ်တပ်အာဏာသိမ်းလိုက်ခြင်း ဆိုတဲ့အချက်ဖြစ်ပါတယ်။ ပါလီမန်ဒီမိုကရေစီစနစ်ရော၊ ၁၉၄၇ အခြေခံဥပဒေကိုပါ အာဏာသိမ်းစစ်တပ် ကဖျက်သိမ်းလိုက်ခြင်းဖြစ်ပါတယ်။ဒီအချက်တွေကိုပါထည့်တွက်ပြီးကောက်ချက်ချရပါမယ်။

ဒီလိုအချက်တွေကိုထည့်သွင်းစဉ်းစားပြီးကောက်ချက်ချမယ်ဆိုရင် “မြန်မာ့နိုင်ငံရေး၏ဗဟိုချက်မှသည် ဥပဒေတွင်းတိုက်ပွဲဖြစ်လာခဲ့ပါသည်” ဆိုတဲ့ကောက်ချက်ကိုပြန်လည်စဉ်းစားပြင်ဆင်ဖို့လိုအပ်မှာလဲဖြစ်ပါတယ်။ ဒီနေရာမှာ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ပြဌာန်းလိုက်တဲ့အတွက် နောက်ဆက်တွဲလှုပ်ရှားပေါ်ထွက်လာတဲ့ ကေအိုင်အိုလှုပ်ရှားမှုကိုလည်း ထည့်သွင်းစဉ်းစားရမယ်လို့ထင်ပါတယ်။

သေချာတာကတော့ မေလဆန္ဒခံယူပွဲနောက်ပိုင်းကစလို့ စစ်အစိုးရရဲ့ဖိနှိပ်ဖမ်းဆီးမှုတွေကပိုပြီးတိုးမြင့်လာတာနဲ့ ဥပဒေတွင်းလှုပ်ရှားမှုမှန်သမျှကိုပိုပြီးတင်းတင်းကြပ်ကြပ်ဖိနှိပ်လာတွေကြောင့်(နအဖ)စစ်စိုးရရဲ့"ဥပဒေဘောင်အတွင်း လှုပ်ရှားမှု" ဟာပိုပြီး အကန့် အသတ်ရှိလာတာကြောင့် လက်နက်ကိုင်တိုက်ပွဲနည်းကို Option တစ်ခုအနေနဲ့ထားဖို့လိုကို လိုအပ်တယ်ဆိုတဲ့ ကောက်ချက်ဟာ ကျနော်တို့ရဲ့ရှေ့ကိုရောက်လာပါတော့တယ်။

အထက်မှာတင်ပြခဲ့တာတွေကတော့ ကိုသန်းရဲ့ "အေအိုအေ"ကို ဖတ်ပြီးနောက် ကျနော်တို့ဖြတ်သန်းမှုနဲ့နှိုင်းယှဉ်လေ့လာရရှိသမျှပဲဖြစ်ပါတယ်။ ခင်ဗျားတို့ဖတ်ပြီးလို့ ရရှိလာမယ့် ရရှိချက်တွေနဲ့ဖလှယ်ကြရအောင်လား ခင်ဗျာ။ ။